ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူစျေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

Oct, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှု နှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူစျေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ** အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူစျေးဆနှုန်းမှာ **၁၇၆.၅၁** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူစျေးဆနှုန်းမှာ **၁၄၄.၂၄** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ**၏ **အုပ်စုအားလုံး အတွက်** စားသုံးသူစျေးဆနှုန်းမှာ **၁၆၃.၁၀** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူစျေးဆနှုန်း **၁၆၂.၀၅** နှင့် နှိုင်းယှဉ်ပါက **၀.၆၅%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် စျေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီစျေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၏ စားသုံးသူစျေးဆနှုန်း (Core CPI) မှာ ၁၄၅.၇၁** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၅.၄၈** နှင့်နှိုင်းယှဉ်ပါက **၀.၁၆%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူစျေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ**၏ စားသုံးသူစျေးဆနှုန်းမှာ **၁၆၃.၁၀** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၅၉.၈၅** နှင့်နှိုင်းယှဉ်ပါက **၂.၀၃%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၏ Core CPI မှာ ၁၄၅.၇၁ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ Core CPI** အခြေအနေ **၁၃၉.၁၂** နှင့် နှိုင်းယှဉ်ပါက **၄.၇၄%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အစားအစာအုပ်စု (Food)** ၏ စျေးဆနှုန်းမှာ **၁၇၆.၅၁** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၄.၇၁** နှင့်နှိုင်းယှဉ်ပါက **၁.၀၃%** မြင့်တက်လာခဲ့ပါသည်။ ဆန် (ဧည့်မထ)၊ စားသုံးဆီ၊ ဝက်သား၊ အမဲသား၊ ဘဲဥ၊ ငါးမြစ်ချင်း၊ ပုစွန်ခြောက်နှင့် ငါးရံ့ခြောက်စျေး နှုန်းများ အသီးသီး မြင့်တက်လာခဲ့သော်လည်း ကြက်သား၊ ကြက်ဥ၊ ငါးခူနှင့် ငါးရံ့စျေးနှုန်းများ ကျဆင်းလာပါသည်။ စားဖိုဆောင်သုံးသီးနှံများဖြစ်သော ကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီစျေးနှုန်းများ မြင့်တက်လာသကဲ့သို့ ရာသီပေါ်အသီးအနှံဖြစ်သော ခရမ်းချဉ်သီးနှင့် ဂေါ်ဖီထုပ်စျေးနှုန်းမှာလည်း သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဘူးသီး၊ ခရမ်းသီး၊ မုန်လာဥနီ၊ ကန်စွန်းရွက်နှင့် ပဲတောင့်ရှည်သီးစျေးနှုန်းများမှာလည်း အနည်း ငယ် မြင့်တက်လာပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၄.၂၄** ဖြစ်သဖြင့် ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။


၅။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းများမှာ ယခင်လကထက် (၃၅) ကျပ်ခန့် ကျဆင်းလျက်ရှိပြီး လွန်ခဲ့သောနှစ်အလားတူ ကာလထက် (၁၇၆) ကျပ်ခန့် ကျဆင်းနေပါသည်။ သို့သော် ပြည်ပမှတင်သွင်းသည့် လောင်စာဆီ ဈေးနှုန်းများမှာလည်း ယခင်လကထက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ဆန်ဈေးနှုန်း၊ စားသုံးဆီဈေးနှုန်း၊ အချို့အသား ဈေးနှုန်းများ၊ စားဖိုဆောင်သီးနှံများ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်အသီးအနှံများနှင့် ရွှေဈေးနှုန်း မြင့်တက်လာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် မြင့်တက် လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၅.၈၁%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၁.၂၃%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၂.၀၃%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၄.၇၄%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)
ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ နှင့် စက်တင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ နှင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၃.၁၀ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၂.၀၅ နှင့် နှိုင်းယှဉ်ပါက ၀.၆၅% မြင့်တက်လာပါသည်။ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုတို့မှာ အနည်းငယ်မြင့်တက်လာပြီး အစားအစာအုပ်စု၊ ကျန်းမာရေးအုပ်စု၊ ပြင်ပအစားအသောက်အုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ သိသာစွာမြင့်တက်လာပါသည်။ အဝတ်အထည်အုပ်စု၊ ဆက်သွယ်ရေးအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပြီး ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုတို့မှာ ယခင်လကထက် ကျဆင်းနေပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) အစားအစာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၇၆.၅၁ ရှိ၍ ယခင်လအခြေအနေ ၁၇၄.၇၁ နှင့် နှိုင်းယှဉ်ပါက ၁.၀၃% မြင့်တက်နေပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ၀.၉၄%၊ မြေပဲဆီ ၀.၁၂%၊ နှမ်းဆီ ၀.၁၆%၊ စားအုန်းဆီ ၅.၃၈%၊ အမဲသား ၀.၃၀%၊ ဘဲဥ ၀.၃၃%၊ ငါးမြစ်ချင်း ၀.၂၈%၊ ပုစွန်ခြောက် ၀.၅၅%၊ ငါးရံ့ခြောက် ၀.၄၀% ဖြင့် အသီးသီးမြင့်တက်လာပါသည်။ သို့သော် ကြက်သား ၄.၈၆%၊ ကြက်ဥ ၀.၂၆%၊ ငါးခူ ၀.၁၀% နှင့် ငါးရံ့ ၀.၀၇% ကျဆင်းလာပါသည်။ အလားတူ စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၀.၇၈%၊ အာလူး ၈.၂၅%၊ ကြက်သွန်ဖြူ ၂.၇၄%နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာမူ ၁၃.၉၃% ဖြင့် အသီးသီးမြင့်တက်လာပါသည်။ သို့သော် ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ၂၂.၄၂% နှင့် ဂေါ်ဖီထုပ်ဈေးနှုန်းမှာမူ ၁၄.၀၃% ဖြင့် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၅၆.၇၂ ရှိ၍ ယခင်လအခြေအနေ ၁၅၆.၈၉ နှင့်နှိုင်းယှဉ်ပါက ၀.၁၁% ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော ကွမ်းရွက်နှင့် စီးကရက်ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၀.၅၀ ရှိ၍ ယခင်လအခြေအနေ ၁၃၀.၅၀ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၂၀၀.၉၇ ရှိ၍ ယခင်လအခြေအနေ ၂၀၁.၀၅ နှင့်နှိုင်းယှဉ်ပါက ၀.၀၄% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ဘိလပ်မြေ၊ ရေဖိုးနှင့် ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၄.၅၄ ရှိ၍ ယခင်လအခြေအနေ ၁၃၄.၅၁ နှင့် နှိုင်းယှဉ်ပါက ၀.၀၂% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ရေခဲသေတ္တာ၊ အပ်ချုပ်စက်၊ ဘက်ထရီနှင့် အဝတ်လျှော်ဆပ်ပြာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၆၃.၃၃ ရှိ၍ ယခင်လအခြေအနေ ၁၆၃.၀၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၇% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် တိုင်းရင်းဆေး၊ ဗီတာမင်၊ အထွေထွေဆေးကုသစရိတ်နှင့် ဆေးရုံကုသစရိတ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၀၈.၅၅ ရှိ၍ ယခင်လအခြေအနေ ၁၀၈.၇၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၉% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၀၁.၁၉ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၁၉ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၂၄.၀၅ ရှိ၍ ယခင်လအခြေအနေ ၁၂၄.၀၄ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ရုပ်မြင်သံကြားဖမ်းစက် ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေနှင့် နှိုင်းယှဉ်ပါက စာသင်ကျောင်းများ ပိတ်ထားသောကာလ ဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၉.၈၇ ရှိ၍ ယခင်လအခြေအနေ ၁၃၉.၇၁ နှင့်နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံနှင့် ခေါက်ဆွဲကြော်/ ကြာဇံကြော် ဈေးနှုန်းများမြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၅၅.၁၀ ရှိ၍ ယခင်လအခြေအနေ ၁၅၄.၆၅ နှင့်နှိုင်းယှဉ်ပါက ၀.၂၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ မျက်နှာလိမ်းပေါင်ဒါ၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ရွှေဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၄၄.၂၄ ရှိ၍ ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ စက်တင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ်၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၆၃.၁၀ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္နန်း ၁၅၉.၈၅ နှင့် နှိုင်းယှဉ်ပါက ၂.၀၃% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္နန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုများ၏ ဈေးဆန္နန်းများမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္နန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) အစားအစာအုပ်စု၏ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၇၆.၅၁ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၇၂.၆၁ နှင့်နှိုင်းယှဉ်ပါက ၂.၂၆% မြင့်တက်လာပါသည်။ ဆန်(ဧည့်မထ) ၂.၃၁%၊ နှမ်းဆီ ၀.၈၈%၊ စားအုန်းဆီ ၉.၂၅%၊ ဝက်သား ၈.၂၄%၊ အမဲသား ၄.၂၈%၊ ငါးခူ ၈.၉၆%၊ ငါးရံ့ ၆.၆၀%၊ ငါးမြစ်ချင်း ၀.၅၇%၊ ပုစွန်ခြောက် ၃.၃၀%၊ ငါးရံ့ခြောက် ၅.၉၄%နှင့် အာလူး ၃.၂၂% ဖြင့် အသီးသီး မြင့်တက်လာပါသည်။ သို့သော် ကြက်သား ၄.၃၈%၊ ကုလားပဲခြမ်း ၃.၅၉%၊ ကြက်သွန်ဖြူ ၁၄.၀၈%နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာမူ ၁၉.၆၄% ဖြင့် ကျဆင်းလာပါသည်။ ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ၅၀.၄၂% နှင့် ဂေါ်ဖီထုပ်ဈေးနှုန်းမှာမူ ၁၆.၆၉% ဖြင့် သိသိသာသာ မြင့်တက်လာပါကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၅၆.၇၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အခြေအနေ ၁၅၀.၉၈ နှင့်နှိုင်းယှဉ်ပါက ၃.၈၀% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက် (ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်ပ)၊ ကွမ်းရွက်၊ စီးကရက် (ပြည်တွင်း/ ပြည်ပ)နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၀.၅၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၂၇.၇၀ နှင့်နှိုင်းယှဉ်ပါက ၂.၁၉% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီးဝတ်လုံချည် (ပြည်တွင်း/ပြည်ပ)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ (အရှည်/အတို)၊ ဆွယ်တာ၊ ဘလောက်စ်အင်္ကျီ၊ ခြေအိတ်၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၂၀၀.၉၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၉၇.၆၀ နှင့်နှိုင်းယှဉ်ပါက ၁.၇၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ သံမဏိချောင်း၊ ဘိလပ်မြေ၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၄.၅၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အခြေအနေ ၁၃၀.၄၆ နှင့်နှိုင်းယှဉ်ပါက ၃.၁၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ ဖယောင်းပုဆိုး၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ အပ်ချုပ်စက်၊ ဒန်အိုး၊ ရေသန့်ဗူးကြီး၊ ဘက်ထရီ၊ မီးချောင်း၊ ဓာတ်မီး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူအလုပ်သမားခဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၆၃.၃၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၅၅.၃၈ နှင့်နှိုင်းယှဉ်ပါက ၅.၁၁% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တိုင်းရင်းဆေး၊ ဗီတာမင်၊ ဆေးကုသစရိတ် (အထွေထွေ/အထူးကု)၊ ဆေးဈေးနှုန်းနှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၀၈.၅၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၁၅.၁၂ နှင့်နှိုင်းယှဉ်ပါက ၅.၇၁% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၁၅ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၃.၆၂ သို့ သိသာစွာကျဆင်းလာပြီး ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ဂါလန်လျှင် ၄၃၉၅.၈၇ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ၂၇၂၉.၂၇ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉.၃၅ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၅.၈၅ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ဂါလန်လျှင် ၄၀၈၀.၁၄ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ၂၆၂၁.၂၇ ကျပ်သို့ ကျဆင်းလာပါသည်။ သို့ရာတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ မော်တော်ကား၊ အငှားယာဉ်ခ(မြို့တွင်း)နှင့် ဘတ်စ်ကားခ (မြို့တွင်း/ခရီးဝေး) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၀၁.၁၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၀၁.၄၀ နှင့်နှိုင်းယှဉ်ပါက ၀.၂၁% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မိုဘိုင်းဖုန်းဈေးနှုန်းများမှာ Model အသစ်ဝင်ရောက်မှုများရှိနေပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၂၄.၀၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အခြေအနေ ၁၂၂.၀၇ နှင့် နှိုင်းယှဉ်ပါက ၁.၆၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာနှင့် ဂျာနယ်ဈေးနှုန်းများမှာ နိုင်ငံခြား ငွေလဲလှယ်နှုန်းများ ကျဆင်းနေသော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ကုန်ပစ္စည်းတင်ပို့ရာတွင် အသွားအလာကန့်သတ်ချက်များကြောင့် ပို့ဆောင်ရခက်ခဲခြင်းများ

ကြောင့် အနည်းငယ်မြင့်တက်လျက်ရှိပါသည်။ အလားတူ ဗလာစာအုပ်၊ စာရေး စက္ကူ၊ ဘောပင်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ နှင့် ဩဂုတ် လများတွင် ကျောင်းများ ခေတ္တခဏ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဝယ်လိုအား များပြီး ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၃၈.၅၈ နှင့်နှိုင်းယှဉ်ပါက ၁.၀၅% မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လ မှစ၍ ကျောင်းများ၊ သင်တန်းများပိတ်ထားသည့်အတွက် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ကျူရှင်လခနှင့် သင်တန်းကြေးများ မြင့်တက်ခဲ့ခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၃၉.၈၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၂၉.၄၂ နှင့်နှိုင်းယှဉ်ပါက ၈.၀၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်/ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက် နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၅၅.၁၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအခြေအနေ ၁၄၇.၅၇ နှင့်နှိုင်းယှဉ်ပါက ၅.၁၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေး နှုန်းမှာ ၆.၁၀%၊ လက်ဝတ်ရတနာ ၄.၉၀%၊ ဆံပင်ညှပ်ခ(ကျား) ၄.၉၃%၊ ဆံပင် ညှပ်ခ(မ) ၄.၁၆%၊ ကိုယ်တိုက်ဆပ်ပြာ ၅.၄၉%၊ သနပ်ခါး ၃.၇၀%၊ သွားတိုက်ဆေး ၈.၆၄%၊ သွားတိုက်တံ ၅.၆၆%၊ မုတ်ဆိတ်ရိတ်ဓား ၁၃.၇၇% နှင့် ထီး ၃.၉၉% တို့ဖြင့် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၌ ၁၄၄.၂၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အခြေအနေ ၁၄၁.၉၁ နှင့်နှိုင်းယှဉ်ပါက ၁.၆၄% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည် မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသော ကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၁၅၉.၈၅ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ တဖြည်းဖြည်းကျဆင်းလာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ယခုလတွင် ၁၆၃.၁၀ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကချင်ပြည်နယ်တွင် ကျဆင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ လအလိုက်ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် ပြည်ထောင်စုနယ်မြေတွင် ၁.၅၀% ဖြင့် အများဆုံးပြောင်းလဲမှု ဖြစ်ပေါ်နေပြီး ကချင်ပြည်နယ်တွင် (-၀.၂၃)% ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ရှိခဲ့ရာမှ ဇူလိုင်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် မြန်မာနိုင်ငံ၌ COVID-19 ဖြစ်ပွားလာမှုအစပြု၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့ရာ စက်တင်ဘာလတွင် ၂.၀၃% ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၅.၈၁% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ တစ်နှစ်ပျမ်းမျှ ၆.၄၃% နှင့် နှိုင်းယှဉ်ပါက ၀.၆၂ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါသက်ရောက်မှုကြောင့် ပြည်သူများ သုံးစွဲမှုကျဆင်းပြီး စားသုံးသူဈေးဆနှုန်းတိုးနှုန်းအရှိန် လျော့နည်းလာသဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၈၁% သို့ကျဆင်းလာခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၀.၈၃% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၉.၅၄% ဖြင့် ဒုတိယအမြင့်ဆုံး၊ ပြည်ထောင်စုနယ်မြေတွင် ၇.၄၈% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ပြည်ထောင်စုနယ်မြေတွင် ၅.၅၃% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မွန်ပြည်နယ်

တွင် (-၂.၈၀)% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ COVID-19 ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာသော ကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်းနှင့် ဝယ်လိုအားမြင့်တက်လာခြင်းတို့ကြောင့် ဈေးနှုန်းများ အနည်းငယ် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီ ဈေးနှုန်းများ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီ တင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၄.၀၅ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၈၉.၇၀ သို့ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှုလမ်းကြောင်း အကန့်အသတ်များရှိလာခြင်းနှင့် ဝယ်လိုအားများလာခြင်းတို့ကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် ကြက်အသားပေါက်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာခြင်း၊ အခြားဒေသများသို့ တင်ပို့ရောင်းချမှုများ နည်းပါးနေခြင်း၊ COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေသောကာလဖြစ်၍ အချို့သောမြို့နယ်များတွင် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်များတွင် အကျုံးဝင်နေသဖြင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့သော် ဝက်သားနှင့် အမဲသားဈေးနှုန်းများ ယခင်လကထက် ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ ငါးမွေးမြူရေးစရိတ် မြင့်မားလာခြင်းနှင့် အချို့ဒေသများတွင် ငါးဖမ်းဆီးရရှိမှု နည်းပါးလာခြင်းတို့ကြောင့် အချို့ငါးဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဃ) COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသောကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်နှင့် ပဲတောင့်ရှည်သီးဈေးနှုန်းများ မြင့်တက်လာပါသည်။ ဂေါ်ဖီထုပ်နှင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ အထွက်နှုန်းနည်းချိန်ဖြစ်ခြင်း ဈေးကွက်အတွင်း ကုန်ပစ္စည်း ဝင်ရောက်မှုနည်းပါးခြင်းနှင့် ဝယ်လိုအားမြင့်တက်ခြင်းတို့ကြောင့် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာသကဲ့သို့ ဘူးသီးနှင့် ခရမ်းသီးဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီ ဈေးနှုန်းမှာမူ ပွင့်လင်းရာသီဖြစ်ခြင်းနှင့် ဒေသတွင်း၌ အရောင်းအဝယ်လိုက်ကာ ဝယ်လိုအားများခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာရခြင်း ဖြစ်ပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၂၉၉၅၂.၉၉ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၆.၀၅% မြင့်တက်လျက်ရှိသကဲ့သို့ လွန်ခဲ့သောလကထက်လည်း ၀.၁၂% မြင့်တက်လာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၆၉.၄၀ ရှိရာမှ ၁၉၂၇.၇၄ သို့ ၂.၁၂% ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသော်လည်း မြန်မာ့ရွှေဈေးနှုန်းမှာ မြင့်တက်လျက်ရှိပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှတင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၈.၀၈ မှ ၄၃.၆၂ သို့ ကျဆင်းလျက်ရှိပြီး ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၆.၈၇ မှ ၄၅.၈၅ သို့ ကျဆင်းလျက်ရှိပါသည်။ စက်တင်ဘာလအတွင်းတွင် ပြည်ပတင်သွင်းမှုပမာဏ များပြားလာခြင်းနှင့် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသောကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များအရ အသွားအလာနည်းပါးပြီး ဝယ်လိုအားနည်းခြင်းတို့ကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။ ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ ပြည်တွင်းလောင်စာဆီဈေးနှုန်းများပါ လိုက်ပါကျဆင်းလျက်ရှိပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၁၇၆ ကျပ် ကျဆင်းလာပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ၃၅ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသဖြင့် အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်းနှင့် အရောင်းအဝယ်လိုက်လာခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။ အလားတူ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာလည်း မြင့်တက်လာပါသည်။ အချို့အသားဈေးနှုန်းများ၊ စားဖိုဆောင်သီးနှံများ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်အသီးအနှံများ၏ ဈေးနှုန်းများသည် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာမူ စုဆောင်းမှုနှင့် ဝယ်လိုအားများလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ မြင့်တက်လာခဲ့ပါသည်။

## ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း** | **၁၀၀.၀၀** | **၁၅၉.၈၅** | **၁၆၂.၀၅** | **၁၆၃.၁၀** | **၀.၆၅** | **၂.၀၃** | **၅.၈၁** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၇၂.၆၁** | **၁၇၄.၇၁** | **၁၇၆.၅၁** | **၁.၀၃** | **၂.၂၆** | **၄.၄၂** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၄၁.၉၁** | **၁၄၄.၂၄** | **၁၄၄.၂၄** | **၀.၀၀၂** | **၁.၆၄** | **၈.၂၇** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၀.၉၈ | ၁၅၆.၈၉ | ၁၅၆.၇၂ | -၀.၁၁ | ၃.၈၀ | ၈.၈၅ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၇.၇၀ | ၁၃၀.၅၀ | ၁၃၀.၅၀ | ၀.၀၀ | ၂.၁၉ | ၃.၆၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၇.၆၀ | ၂၀၁.၀၅ | ၂၀၀.၉၇ | -၀.၀၄ | ၁.၇၁ | ၂၃.၄၅ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၃၀.၄၆ | ၁၃၄.၅၁ | ၁၃၄.၅၄ | ၀.၀၂ | ၃.၁၃ | ၅.၂၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၅.၃၈ | ၁၆၃.၀၅ | ၁၆၃.၃၃ | ၀.၁၇ | ၅.၁၁ | ၇.၃၉ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၅.၁၂ | ၁၀၈.၇၅ | ၁၀၈.၅၅ | -၀.၁၉ | -၅.၇၁ | -၂.၆၀ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၄၀ | ၁၀၁.၁၉ | ၁၀၁.၁၉ | ၀.၀၀ | -၀.၂၁ | -၀.၃၇ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂၂.၀၇ | ၁၂၄.၀၄ | ၁၂၄.၀၅ | ၀.၀၁ | ၁.၆၂ | ၇.၁၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၈.၅၈ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၁.၀၅ | ၃.၃၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၉.၄၂ | ၁၃၉.၇၁ | ၁၃၉.၈၇ | ၀.၁၂ | ၈.၀၇ | ၇.၈၄ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၄၇.၅၇ | ၁၅၄.၆၅ | ၁၅၅.၁၀ | ၀.၂၉ | ၅.၁၀ | ၇.၉၁ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒန်း(Core CPI)** | ၃၂.၆၃ | ၁၃၉.၁၂ | ၁၄၅.၄၈ | ၁၄၅.၇၁ | ၀.၁၆ | *၄.၇၄ | *၁၁.၂၃ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၄.၇၀ | ၁၅၈.၃၂ | ၁၅၇.၉၆ | -၀.၂၃ | ၂.၁၁ | ၃.၆၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၉.၅၄ | ၁၅၈.၁၄ | ၁၅၈.၈၉ | ၀.၄၇ | -၀.၄၁ | ၃.၈၃ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၄၄.၇၆ | ၁၄၉.၉၅ | ၁၅၀.၉၄ | ၀.၆၆ | ၄.၂၆ | ၅.၉၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၈.၇၃ | ၂၀၅.၀၀ | ၂၀၅.၃၂ | ၀.၁၅ | -၁.၆၄ | ၂.၃၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၉.၇၃ | ၁၅၅.၀၃ | ၁၅၅.၄၄ | ၀.၂၇ | -၂.၆၈ | ၃.၃၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၉.၇၉ | ၁၄၀.၀၃ | ၁၄၁.၁၁ | ၀.၇၇ | ၀.၉၄ | ၃.၉၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၅၅.၈၃ | ၁၅၉.၆၇ | ၁၆၀.၄၉ | ၀.၅၁ | ၂.၉၉ | ၆.၆၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၆၉.၃၅ | ၁၇၂.၂၇ | ၁၇၃.၇၅ | ၀.၈၆ | ၂.၆၀ | ၆.၃၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၅၄.၀၄ | ၁၅၆.၂၂ | ၁၅၇.၈၇ | ၁.၀၅ | ၂.၄၉ | ၆.၆၆ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၅၃.၄၀ | ၁၄၈.၀၆ | ၁၄၉.၁၁ | ၀.၇၁ | -၂.၈၀ | ၁.၄၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၄.၉၃ | ၁၉၄.၅၅ | ၁၉၅.၀၅ | ၀.၂၅ | ၀.၀၆ | ၂.၅၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၄၈.၆၃ | ၁၅၁.၅၅ | ၁၅၂.၅၈ | ၀.၆၈ | ၂.၆၅ | ၇.၁၉ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၆.၄၈ | ၁၆၉.၂၇ | ၁၇၀.၁၂ | ၀.၅၁ | ၂.၁၉ | ၄.၂၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၆၅.၇၃ | ၁၇၃.၆၃ | ၁၇၄.၆၅ | ၀.၅၉ | ၅.၃၈ | ၁၀.၈၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၄၄.၀၂ | ၁၄၉.၇၄ | ၁၅၁.၉၉ | ၁.၅၀ | ၅.၅၃ | ၇.၄၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၅၈.၇၃ | ၁၆၄.၂၄ | ၁၆၅.၉၂ | ၁.၀၂ | ၄.၅၃ | ၆.၃၈ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၅၉.၁၄ | ၁၆၁.၆၂ | ၁၆၃.၂၁ | ၀.၉၈ | ၂.၅၆ | ၉.၅၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၅၂.၁၀ | ၁၅၀.၅၂ | ၁၅၀.၈၈ | ၀.၂၄ | -၀.၈၀ | ၆.၀၀ |
| တစ်နိုင်ငံလုံး | | ၁၀၀.၀၀ | ၁၅၉.၈၅ | ၁၆၂.၀၅ | ၁၆၃.၁၀ | ၀.၆၅ | ၂.၀၃ | ၅.၈၁ |

# ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် | | ၂၀၁၉ ခုနှစ် စက်တင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | ဩဂုတ်လ (ကျပ်) | စက်တင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၃၀.၁၉ | ၁၅၄၄.၅၈ | ၁၅၀၉.၇၄ | ၀.၉၄ | ၂.၃၁ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၅၅.၁၆ | ၆၈၆၃.၇၀ | ၆၉၂၁.၂၀ | ၀.၁၂ | -၀.၈၃ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၇၆၈.၇၅ | ၆၇၇၉.၇၅ | ၆၇၂၀.၉၄ | ၀.၁၆ | ၀.၈၈ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၀၂.၄၈ | ၂၂၁၅.၇၀ | ၂၀၂၈.၀၆ | ၅.၃၈ | ၉.၂၅ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၃၁၅.၆၇ | ၆၉၆၀.၂၂ | ၇၂၇၉.၀၉ | -၄.၈၆ | -၄.၃၈ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၂၄၇.၆၆ | ၁၀၂၅၀.၅၀ | ၉၄၆၉.၉၃ | ၀.၀၃ | ၈.၂၄ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၅၃၁.၁၆ | ၁၄၅၇၅.၀၀ | ၁၃၉၇၇.၂၁ | ၀.၃၀ | ၄.၂၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၀၇.၁၇ | ၁၇၁၂.၈၂ | ၁၉၂၉.၀၉ | ၀.၃၃ | -၁၁.၂၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၂၂.၉၀ | ၁၂၁၉.၇၆ | ၁၄၃၂.၉၂ | -၀.၂၆ | -၁၄.၈၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၁၀၄၅၅.၁၄ | ၁၀၄၄၄.၆၅ | ၉၅၈၅.၅၆ | -၀.၁၀ | ၈.၉၆ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၇၄၈.၉၉ | ၉၇၄၂.၂၁ | ၉၁၃၉.၃၈ | -၀.၀၇ | ၆.၆၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၄၈.၉၁ | ၅၄၆၄.၃၅ | ၅၄၃၃.၄၈ | ၀.၂၈ | ၀.၅၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၇၆၁.၅၁ | ၃၄၉၅၂.၀၈ | ၃၃၈၃၄.၀၄ | ၀.၅၅ | ၃.၃၀ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၄၂၀၁.၉၁ | ၃၄၃၃၈.၂၈ | ၃၂၄၁၁.၇၆ | ၀.၄၀ | ၅.၉၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၅၀၂.၆၁ | ၃၅၀၂.၆၁ | ၃၃၈၂.၇၄ | ၀.၀၀ | ၃.၅၄ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၇၉၁.၇၇ | ၂၁၉၃.၄၂ | ၁၄၅၈.၁၉ | ၂၂.၄၂ | ၅၀.၄၂ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၂၈၉.၅၉ | ၂၃၀၇.၃၈ | ၂၃၉၃.၃၆ | ၀.၇၈ | -၃.၅၉ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၅၄.၇၂ | ၁၂၅၀.၀၀ | ၁၂၁၁.၀၄ | ၈.၂၅ | ၃.၂၂ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၀၂၃.၃၃ | ၃၁၀၆.၂၇ | ၃၆၁၅.၂၃ | ၂.၇၄ | -၁၄.၀၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၈၄၁.၃၇ | ၉၅၈.၅၆ | ၁၁၉၂.၈၀ | ၁၃.၉၃ | -၁၉.၆၄ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၅၂၂.၆၈ | ၅၅၂၂.၆၈ | ၅၄၁၂.၀၆ | ၀.၀၀ | ၂.၀၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၉၀.၈၈ | ၅၅၉၀.၈၈ | ၅၄၂၂.၉၂ | ၀.၀၀ | ၃.၁၀ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၂၂၈၄၇၂.၈၆ | ၁၂၂၉၉၅၂.၉၉ | ၁၁၅၉၇၅၈.၄၁ | ၀.၁၂ | ၆.၀၅ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၇.၆၆ | ၃၇၇.၆၆ | ၃၆၄.၃၂ | ၀.၀၀ | ၃.၆၆ |
| ၂၅ | မီးသွေး | | ။ | ၇၀၅.၁၇ | ၇၀၅.၇၉ | ၆၈၇.၇၇ | ၀.၀၉ | ၂.၆၂ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၄.၀၈ | ၄၅၄.၀၈ | ၄၄၉.၇၈ | ၀.၀၀ | ၀.၉၆ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၂၄၂.၆၉ | ၁၂၈၄.၉၇ | ၁၁၀၈.၇၇ | ၃.၄၀ | ၁၅.၈၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၂၇၈၈.၉၉ | ၂၇၂၉.၂၇ | ၄၃၉၅.၈၇ | -၂.၁၄ | -၃၇.၉၁ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၆၅၀.၁၇ | ၂၆၂၁.၂၇ | ၄၀၈၀.၁၄ | -၁.၀၉ | -၃၅.၇၆ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | ၂၀၂၀ ပြည့်နှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ | ၁၆၀.၁၂ | ၁၆၀.၉၈ | ၁၆၁.၁၄ | ၁၆၂.၀၅ | ၁၆၃.၁၀ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၁၄၃.၈၇ | ၁၄၄.၉၀ | ၁၄၅.၀၁ | ၁၄၅.၄၈ | ၁၄၅.၇၁ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂ဝ၁၉ ခုနှစ် | | | | ၂ဝ၂ဝ ပြည့်နှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.ဝ၉ | ၈.၃၆ | ၆.၆၁ | ၅.၂၄ | ၄.၂၁ | ၄.၁၆ | ၁.၇ဝ | ၁.၈၄ | ၂.ဝ၃ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆ဝ | ၁၃.၂ဝ | ၁၂.၉၁ | ၁၃.ဝ၁ | ၁၃.၃၇ | ၅.၄၂ | ၅.၂၃ | ၄.၇၄ |